# ရှမ်းလက်ဖက်

## မဲခေါင်ဒေသအတွင်းရှိ တိုင်းရင်းသားလူနည်းစုများနှင့် အမျိုးသမီးများအတွက် ဆင်းရဲနွမ်းပါးမှု လျှော့ချပေးနိုင်ရန် ဒေသရှိ ရှမ်းလက်ဖက်များ၏အရည်အသွေးကို ပိုမိုကောင်းမွန်ပြီး၊ သင့်တင့်မျှတသောတန်ဖိုးချိတ်ဆက်မှုများ ဖွံ့ဖြိုးတိုးတက်လာစေခြင်း

**အချိန်ကာလ။ ။ ဧပြီလ**/၂၀၁၃ မှ မတ်/၂၀၁၆ အထိ



### စီမံချက်တစ်ရပ်လုံး၏ရည်ရွယ်ချက်

ဆင်းရဲနွမ်းပါးသူများ ကိုယ်တိုင် ပါဝင်နိုင်သော ရွေးချယ်ထားပြီး တန်ဖိုးချိတ်ဆက်မှုလုပ်ငန်းများ ဖြစ်သည့် ထုတ်လုပ်မှုလုပ်ငန်းများတွင် အပိုဝင်ငွေရရှိနိုင်သော အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေခြင်းဖြင့် ဆင်းရဲသောအိမ်ထောင်စုများ အထူးသဖြင့် တိုင်းရင်းသားလူနည်းစုများ၏ ဆင်းရဲနွမ်းပါးမှုကို လျှော့ချပေးနိုင်ရန်

### စီမံချက်၏လျာထားနေရာများ

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း၊ လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံ

### အကောင်အထည်ဖော်ဆောင်မည့် အဖွဲ့အစည်းနှင့် အလှူရှင်

ဤစီမံချက်ကို **HELVETAS Swiss Intercooperation** ၏ နိုင်ငံအလိုက် အစီအစဉ် ၃ ရပ်မှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ဗီယက်နမ်နိုင်ငံရှိ HELVETAS ရုံးခွဲမှ ဦးဆောင်ပြီး လာအိုနှင့် မြန်မာနိုင်ငံမှ HELVETAS ရုံးခွဲများက အားဖြည့် ကူညီပေးထားပါသည်။ ငွေကြေးအထောက်အပံ့ကို **Swiss Agency for Development Cooperation (SDC)** မှ ကူညီဆောင်ရွက်ပေးပါသည်။

www.swiss-cooperation.admin.ch/mekong

### အဓိကမိတ်ဘက်အဖွဲ့အစည်းများ

အဓိကအဖွဲ့အစည်းများတွင် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပါဝင်ပါသည်။ **အစိုးရဘက်**မှ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရုံးဌာနများ၊ ကုန်သွယ်ရေး၊ စက်မှုလက်မှုနှင့် အခွန်ဌာနများပါဝင်ပြီး **ပုဂ္ဂလိကကဏ္ဍဘက်**မှ ရွေးချယ်ထားသော ကုန်သည်များ၊ လက်ဖက်ကိုကုန်ချောလုပ်သူများ၊ လက်ဖက်ကုမ္ပဏီများနှင့် အလုပ်သမားသမဂ္ဂများနှင့် **လက်ဖက်ထုတ်လုပ်သူများ**လည်း ပါဝင်သည်။ ၎င်းတို့အထဲမှ အမျိုးသမီးများ၊ တိုင်းရင်းသား အုပ်စုများနှင့်ပတ်သက်၍ အထူးအလေးပေး လုပ်ဆောင်သည်။

### လျာထားငွေကြေးစုစုပေါင်း (၂၀၁၃-၂၀၁၆) / ၃ နိုင်ငံ

အမေရိကန်ဒေါ်လာ ၁, ၁၈၅ ,၀၆၀. ၀၀

## အဓိက ရည်ရွယ်ချက်များ

- စီမံကိန်းနေရာ (၃) နေရာရှိ လက်ဖက်စိုက်ပျိုးသူ တောင်သူများနှင့် ကုန်ချောအဖြစ် ပြုလုပ်သူ များအကြားရှိ အဆက်အသွယ်များ တိုးတက်လာစေရန်
- ကုမ္ပဏီများနှင့် တန်ဖိုးမြင့်ဈေးကွက်အကြားရှိ ချိတ်ဆက်ဆောင်ရွက်မှု ပိုမိုအားကောင်းလာ စေရန်
- လက်ဖက်စိုက်ပျိုးသူ တောင်သူမိသားစုများနှင့် ကုမ္ပဏီများရှိ လက်ဖက်ကုန်ကြမ်းနှင့် ကုန်ချောအဖြစ် ပြုလုပ်ပြီးသောလက်ဖက်များ၏ အရည်အသွေး ပိုမိုတိုးတက်လာစေရန်
- ကိရိယာတန်ဆာပလာများ၊ ကုန်ကြမ်းပစ္စည်းများနှင့် သရုပ်ပြပုံစံများအတွက် ကူညီထောက်ပံ့ ပေးရန်
- အရည်အသွေးမြင့် လက်ဖက်များအတွက် ဈေးကွက်ထိုးဖောက်ခြင်းနှင့် ဈေးကွက်ရှာဖွေခြင်းတို့ အတွက် ပြပွဲများစီစဥ်ခြင်း
- အစိုးရ-ပုဂ္ဂလိက အပြန်အလှန်ညှိနှိုင်းရေးမူဝါဒများအား ကူညီအားဖြည့်ပေးရန်
- ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ဆောင်မှုလုပ်ငန်းများကို တိုးတက်လာစေရန် (ငွေကြေးကဏ္ဍ၊ အသုံးချနည်းပညာများ၊ နည်းပညာ)

## အဓိက ချဥ်းကပ်ပုံ၊ ချဥ်းကပ်နည်း

ဤစီမံချက်အတွက် အဆိုပြုထားသော အဓိကနည်းစနစ်မှာ **ဈေးကွက်စနစ်များ / တန်ဖိုး ချိတ်ဆက်မှု ချဥ်းကပ်နည်း** ဖြစ်ပြီး ထိုနည်းစနစ်သည် HELVETAS Swiss Intercooperation အဖွဲ့၏ အဓိကကျွမ်းကျင်သော စွမ်းရည်တစ်ခု ဖြစ်သည်။ ဤချဥ်းကပ်မှုသည် ဈေးကွက်စနစ် များနှင့် ၎င်းတို့၏ တန်ဖိုးချိတ်ဆက်မှုများကို စစ်ဆေးပြနိုင်ပြီး ဤကဏ္ဍကြီးထွားမှုကို ဟန့်တားနေသော **အတားအဆီးများကို ဖော်ထုတ်သတ်မှတ်နိုင်သည်**။ ထို့အပြင် အထူးသဖြင့် တန်ဖိုးချိတ်ဆက်မှုအတွင်း နစ်နာသူများကိုလည်း **အကျိုးရှိစေသည်**။ နိုင်ငံတွင်းနှင့် နယ်နမိတ်ဖြတ်ကျော်ရသော နိုင်ငံပြင်ပလုပ်ဆောင်ချက်များ နှစ်မျိုးစလုံးကို စီစဥ်ထားပြီး အတွေ့အကြုံရယူနိုင်သော လေ့လာရေးခရီးစဥ်များလည်း ပါဝင်သည်။ စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် **ကျား/မရေးရာနှင့် အုပ်ချုပ်ရေး**တို့၏ အပြန်အလှန် ဆက်စပ်နေသော အကြောင်းအရာများကို ပေါင်းစည်း ထည့်သွင်းထားသည်။ သင်တန်းများ အချိန်မှီဖြစ်မှု၊ ပစ္စည်းကိရိယာများနှင့် ပါဝင်သော အကြောင်းအရာများကို အမျိုးသမီးများ၊ တိုင်းရင်းသား အုပ်စုများနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်ထားပြီး၊ တန်ဖိုးချိတ်ဆက်မှု အတွင်းရှိ အဆက်အသွယ်များ၏ တန်းတူညီမျှမှုနှင့် လုပ်ပိုင်ခွင့် အားပြိုင်မှုများကို အချက်အလက်များ စုဆောင်းကောက်ယူ၍ ပူပေါင်းပါဝင် စောင့်ကြည့်လေ့လာခြင်းကို ဆက်လက် လုပ်ဆောင်သွားမည်။ ဗီယက်နာမ်နှင့် လာအိုနိုင်ငံတို့တွင် စီမံချက်ကို ရာနှုန်းပြည့်အကောင် အထည်ဖော်လုပ်ဆောင်နေပြီး မြန်မာနိုင်ငံတွင် စီမံချက်ပထမပိုင်းအတွက် စီစဥ်ထားသော လုပ်ငန်းများမှာ လုပ်ငန်းရည်မှန်းချက်များကို အတိုင်းအတာသတ်မှတ်ခြင်း၊ လေ့လာခြင်းများနှင့် အစဦးလုပ်ဆောင်ချက်များအတွက် အရင်းအနှီးမတည်ပေးခြင်းတို့ ပါဝင်သည်။

## မျှော်မှန်းရလဒ်များ

- လက်ဖက်ကုန်ချောပြုလုပ်သူများသည် အရည်အသွေးမြင့် လက်ဖက်များရောင်းချနိုင်သော ပိုမို တန်ဖိုးမြင့် ဈေးကွက်များကို လက်လှမ်းမှီနိုင်ပြီး၊ တစ်နိုင်တစ်ပိုင်လက်ဖက် စိုက်ပျိုးသူ တောင်သူများကိုလည်း ၎င်းတို့၏အရည်အသွေးမြင့် လက်ဖက်ခြောက်များအတွက် ဈေးတိုးမြှင့် ပေးဝယ်နိုင်မည်။
- လက်ဖက်ခြောက်ထုတ်လုပ်မှုနှင့် အချောပြုလုပ်ခြင်း အရည်အသွေးများ တိုးတက်လာပြီး တန်ဖိုးမြင့်ဈေးကွက်များ၏ လိုအပ်ချက်များကို ပြည့်မှီလာမည်။
- တန်ဖိုးချိတ်ဆက်မှုတွင် လုပ်ကိုင်နေသူများသည် ပိုမိုထိရောက်သော အထောက်အကူပြု ပတ်ဝန်းကျင်တွင် လုပ်ကိုင်နိုင်လာမည်။